တံပ်အွံရုပိုန်လောတ်ကမိုန်တအောင်း

**Palaung State Liberation Front**


### "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် NCA အပေါ် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ၏ သဘောထားထုတ်ပြန်ကြေညာချက်"

သဘောထားထုတ်ပြန်ချက်အမှတ် (၇/၂၀၁၅)
၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်

၁။ လော်ခီးလာ EAROs ထိပ်သီးအစည်းအဝေးကတာဝန်ပေးအပ်လိုက်သည့် အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့-SD နှင့် မြန်မာအစိုးရကိုယ်စားလှယ် UPWC တို့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်တွေ့ဆုံပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုများကို မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A မှ အပြုသဘောဆောင်ကြိုးပမ်းမှုများအဖြစ် ကြိုဆိုပါသည်။

၂။ အနှစ်ခြောက်ဆယ်ကျော်ကြာ ပြည်တွင်းစစ်ရပ်စဲပြီး စစ်မှန်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများစတင်ပြုလုပ်ရန်မှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအားလုံးနှင့်မြန်မာအစိုးရတို့အကြား တနိုင်ငံလုံးအပစ်ရပ်စာချုပ် ချုပ်ဆိုပြီး နိုင်ငံရေးဆွေးနွေးရေးမူဘောင်များအရ စစ်မှန်သည့်နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန်လိုအပ်ပါသည်။

၃။ မိမိတို့ တအာင်းဒေသအတွင်းသို့ မြန်မာအစိုးရက ပိုမိုထိုးစစ်ဆင်လာသဖြင့် လတ်တလောအခြေအနေတွင် နေရာအနှံ့အပြား၌ နေ့စဉ်လိုလို နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားနေသဖြင့် စစ်ဘေးဒဏ်အပြင်းအထန် ခံစားနေရသည့် တအာင်းဒေသခံမိဘပြည်သူများအပေါ် များစွာစာနာမိပါသည်။

၄။ လော်ခီးလာ EAROs ထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် NCA စာချုပ်အပေါ် အားလုံးပါဝင်ရေးမူသဘောထား ဆုံးဖြတ်ချက်များအရ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအားလုံးက NCA စာချုပ်ကို လက်မှတ်ရေး ထိုးကြမည်ဆိုပါက မိမိတို့အဖွဲ့သည်လည်းအားလုံးနှင့်အတူတပြိုင်နက်ပါဝင်လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိပါသည်။

၅။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုခြင်း၊ နိုင်ငံရေးမူဘောင် ညှိနှိုင်းရေးဆွဲခြင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများစတင်ခြင်း အစရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်ကို ခုခံကာကွယ်မှုများမှအပ နှစ်ဖက်ထိတွေ့တိုက်ခိုက်မှုများကို အတတ်နိုင်ဆုံးရှောင်ရှားလျှော့ချသွားမည် ဖြစ်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**


ဆက်သွယ်ရန် သတင်းနှင့်ပြန်ကြားရေးဌာန PSLF/TNLA
(၉၅) ၀၉ ၄၉၃၁ ၄၉၅၁
(၈၆) ၁၅၃ ၈၈၈၂ ၀၃၂၈